မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၁၈ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၅၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) ကျောင်းဆောင်သစ်၏ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ မြတ်စွာဘုရားကျောင်းတော်၏ ရွှေကန့်လန့်ကာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၇

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အဆိုပါတက္ကသိုလ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်ကြပြီး ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ဘွဲ့နှင်းသဘင်ခန်းမဆောင်အတွင်းရှိ မြတ်စွာဘုရားကျောင်းတော်၏ ရွှေကန့်လန့်ကာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်ကြည်ညို

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ(Ph.D D. Litt)၊ ပါမောက္ခချုပ်ဆရာတော်၊ မော်ကွန်းထိန်းဆရာတော်၊ အုပ်ချုပ်ရေးမှူးဆရာတော်နှင့် စာချဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ဇနီးများ၊ သံရုံးများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ၊ သီတဂူသာသနာပြုအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ရှေးဦးစွာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) ကျောင်းဆောင်၏ မုခ်ဦးမီးရောင်စုံဆိုင်းဘုတ်နှင့် စိန်ကန့်လန့်ကာကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

သီကျူးပူဇော်

ထို့နောက် ခြောက်ရောင်စုံခြယ် လေပူဖောင်းများ သီတွယ်ထားသော ဖဲကြိုးကို ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်နှင့် သီတဂူ အထွေထွေအတွင်းရေးမှူး မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးဟန်တို့က

စာမျက်နှာ ၃ ကော်လံ ၁ ◆

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၁၈ ရက်)

သတင်းအချက်အလက်နှင့် နည်းပညာများ အသုံးချ e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်ဆောင်ရွက်

မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများသည် မိမိနိုင်ငံ၏ကိုယ်ပိုင်အင်အားဖြင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် ခေတ်မီသိပ္ပံနှင့်နည်းပညာများကို တီထွင်အသုံးချနိုင်စွမ်းရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ခေတ်နှင့်အညီ တိုးတက်ထွန်းကားလာသည့် သတင်းအချက်အလက်နည်းပညာကို အသုံးပြုပြီး e- Government စနစ်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသည်။

e- Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးဆွေးနွေးပွဲကို နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၌ ဇွန်လ ၁၄ ရက်နေ့က ကျင်းပခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ e- Government လုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရှိသည့်ပညာရှင်များ တွေ့ဆုံပြီး e- Government စီမံကိန်းလုပ်ငန်းများ၏ အနေအထားနှင့် အကျိုးသက်ရောက်မှုများကို အပြန်အလှန်ဆန်းစစ်ခြင်း၊ ရှေ့ဆက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည့် နည်းလမ်းများရှာဖွေခြင်းတို့ကို ဆွေးနွေးခဲ့ကြသည်။

e- Government ဖွံ့ဖြိုးတိုးတက်အောင်မြင်နေသည့် နိုင်ငံများကို လေ့လာကြည့်လျှင် အစိုးရနှင့်ပြည်သူအကြား သတင်းအချက်အလက်များကို မျှဝေကြပြီး အပြန်အလှန်ယုံကြည်မှုနှင့်လေးစားမှုကို တည်ဆောက်နိုင်ခဲ့ခြင်းက အဓိကအားသာချက်အဖြစ် တွေ့ရှိရမည်ဖြစ်ကြောင်းကို ကုလသမဂ္ဂက ထုတ်ပြန်သည့် ကမ္ဘာ့နိုင်ငံအသီးသီး၏ e- Government ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

e- Government လုပ်ငန်းစဉ်များအရှိန်အဟုန်မြှင့်တင်နိုင်ရန် အစိုးရနှင့်ပြည်သူအကြား သတင်းအချက်အလက်များ မှန်ကန်စွာစီးဆင်းနိုင်ရေးဆောင်ရွက်ရာတွင် ယနေ့နေရာအနှံ့၌ကြုံတွေ့နေရသည့် Cyber Security ဟု ခေါ်သော သတင်းအချက်အလက်လုံခြုံရေး ခြိမ်းခြောက်မှုများကို သတိထားကြရမည်ဖြစ်သည်။

e-Government လုပ်ငန်းကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ရုံးလုပ်ငန်းများ လျင်မြန်သွက်လက်စွာ ဆောင်ရွက်ရာ၌ သင့်တော်ခေတ်မီသည့် လုပ်ငန်းများဖြစ်ရန် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ရုံးလုပ်ငန်းများ လျင်မြန်သွက်လက်မှုသည် နိုင်ငံတော်၏စီးပွားရေးကို တိုက်ရိုက်အထောက်အကူပြုလျက်ရှိသည်။

သို့ဖြစ်ပေရာ e-Government စနစ် အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းဖြင့် အစိုးရနှင့်ပြည်သူအကြား သတင်းအချက်အလက်များ မှန်ကန်စွာစီးဆင်းနိုင်ပြီး အပြန်အလှန်ယုံကြည်မှုနှင့်လေးစားမှုကို ပိုမိုတည်ဆောက်နိုင်ကြမည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စဉ့်ကူးမြို့နယ်လုံးဆိုင်ရာ ကျောင်းအပ်နှံရေးနေ့ကျင်းပ

စဉ့်ကူး ဇွန် ၁၇

စဉ့်ကူးမြို့နယ်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမဆောင်၌ကျင်းပရာ ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးနှင့် ပညာရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လှူတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူး ဦးပေါင်ဇနန်က ကျောင်းအပ်နှံရေးနေ့နှင့် ပညာရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီး ကျန်းမာရေးနှင့် ပညာရေးဝန်ကြီးက ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လှူက အလှူငွေကျပ်တစ်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ချုပ်-ဒေါ်ချောစုလှိုင် မိသားစုက ငွေကျပ်ငါးသိန်း တန်ဖိုးရှိ ဗလာစာအုပ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းသော ငွေကျပ် ၁၀ သိန်းကျော်တန်ဖိုးရှိ ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ထိန်းသိမ်းရေး လှည်းကူးမြို့နယ်၌ အသိပညာပေးဆွေးနွေး

ရန်ကုန် ဇွန် ၁၇

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ထိန်းသိမ်းကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေအကြောင်း ပညာပေးဆွေးနွေးပွဲကို ဇွန် ၅ ရက်က လှည်းကူးမြို့နယ် စာဘူးတောင်းကျေးရွာအုပ်စု၌ ကျင်းပရာ လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်စိုးက မြို့နယ်အတွင်း တောရိုင်းတိရစ္ဆာန်များကို တရားမဝင်အမဲလိုက်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ယင်းနှင့်ယင်းတို့၏ အစိတ်အပိုင်းများကို တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်းတို့ကို တားဆီးကာကွယ်ရေး၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ကျေးရွာပြည်သူများအား အသိပညာပေး ဆွေးနွေးခဲ့ကြောင်းသိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၈-၆-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၂၀ ၅။ ဓမ္မပူဇာတေး
- ၇:၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇:၃၀ ၇။ မြန်မာ့ရှုခင်း
- ၇:၄၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၁၅ ၄။ အဖွင့်သီချင်း
- ၁၁:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၆။ ကာတွန်းအစီအစဉ် **ဘော့စ်ဘောကြယ်ပွင့်များ** (အပိုင်း-၁၃)
- ၁၂:၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **ဟင့်…အင်း** မြင့်မြတ်၊ ခိုင်သင်းကြည်နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ကုသိုလ်)
- ၁၃:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၇၆)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၇ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၄။ အဖွင့်သီချင်း
- ၄:၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ ကျန်းမာကြံ့ခိုင် တို့နိုင်ငံ
- ၄:၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၀ ၈။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၅၀ ၉။ ကုန်သွယ်သုတ
- ၅:၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၁၅ ၁၄။ လျှပ်တစ်ပြက်
- ၆:၂၀ ၁၅။ စားဖိုဆောင်ချစ်သူ
- ၆:၄၀ ၁၆။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း-၁၉)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ လူရွှင်တော်စတား
- ၂၃။ အင်္ဂလိပ်စာသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း-၂၆)
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၆၂)

ခြင်ဆေးဖျန်း

မအူပင်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုး ဦးဆောင်လျက် မြို့မဈေးနှင့်ပတ်ဝန်းကျင် ခြင်ဆေးဖျန်းခြင်းကို မေ ၂၉ ရက်က ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပတ်ဝန်းကျင်သန့်ရှင်းရေး မိုးမောက်မြို့နယ်၌ဆောင်ရွက်

မိုးမောက် ဇွန် ၁၇

ကချင်ပြည်နယ် မိုးမောက်မြို့နယ် အလင်းကောင်ရပ်ကွက်တွင် မေ ၂၇ ရက် နံနက် ၇ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းတို့ ဦးဆောင်၍ ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ စုပေါင်းကာ ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှုများကို တစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေစက်သွန်းချ အမျှပေးဝေ

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရထံမှ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဇနီးနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ရေစက်ချ အနုမောဒနာတရားတော်ကို နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

◆ **ရှေ့ဖုံးမှ**

ကောင်းကင်ယံသို့ လွှင့်တင်ပေးကြပြီး သီတဂူ ဂီတဥ္စလီအဖွဲ့က မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် မင်္ဂလဗိမာန် ဆရာတော် ရေးသားပူဇော်အပ်သော မင်္ဂလာ (၈၀)ပေါ် တေးထပ်ကို သီကျူးပူဇော်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်နှင့်အတူ ကျောင်းဆောင်သစ်ရှိ အစည်းအဝေးခန်းနှင့် အထူးသင်တန်းခန်းမတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆီမီးပူဇော်

ဆက်လက်၍ ကျောင်းဆောင်သစ်၏ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ အခမ်းအနား အစီအစဉ်များကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးက မြတ်စွာဘုရားကျောင်းထက်၏ ရွှေကန့်လန့်ကာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မြတ်စွာဘုရားအား ဆီမီးထွန်းညှိ ပူဇော်သည်။

ထို့နောက် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ပါမောက္ခများ၊ ကထိကများ စသည့် သံဃာတော်များက ''ဇယောဟိ ဗုဒ္ဓဿ'' အစချီသည့် ဇယမင်္ဂလာ ဆုတောင်းဂါထာများကို ရွတ်ဆိုပူဇော်ကြပြီး ဒေါ်ရီရီသန့် အမှူးပြုသော သီတဂူ ဂီတဥ္စလီအဖွဲ့က ''တုမနိူင်းသာ ပွဲကြီးပါဘုရား'' ဓမ္မတေးထပ်ဖြင့် ပူဇော်သည်။

ခံယူဆောက်တည်

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များသည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ(Ph.D D.Litt) ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့က သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

မိန့်ကြား

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်က သီတဂူ သန္ဒေသကထာ အနုမောဒနာ စကား မိန့်ကြားသည်။

ခန်းမဆောင်အတွင်း ထည့်သွင်းတည်ဆောက်ထားသည့် မြန်မာ့ရိုးရာ ပန်းချီ၊ ပန်းပု၊ ပန်းတမော့၊ ပန်းတော့၊ ပန်းယွန်း အနုပညာလက်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ လျှောက်ထားသည်။

ဆက်လက်၍ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် မင်္ဂလဗိမာန် ဆရာတော် ရေးသားပူဇော်အပ်သော ထုတိမင်္ဂလာဂါထာများကို အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)က ရွတ်ဖတ်ပူဇော်သည်။

ဓမ္မလက်ဆောင်များပေးအပ်

ထို့နောက် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်က ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဇနီး ဒေါ်ခင်စောနှင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များအား ဖွင့်ပွဲအထိမ်းအမှတ်အလံနှင့် ဓမ္မလက်ဆောင်များကိုပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်)၌ ဇွန် ၂၁ ရက်မှစ၍ ဗုဒ္ဓ

ကျောင်းဆောင်သစ်အတွင်း ကြည့်ရှု

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်နှင့်အတူ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ကျောင်းဆောင်သစ်အတွင်း ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ဝမ်းမြောက်စကား လျှောက်ထားသည်။

လျှောက်ထား

ထို့နောက် မြန်မာမှုပညာရှင် တမ္ပဝတီ ဦးဝင်းမောင်က ဘွဲ့နှင်းသဘင်

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်က ဒုတိယသမ္မတနှင့်ဇနီးတို့အား သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များအတွက် အလှူငွေ လှူဒါန်းခဲ့မှုများနှင့်စပ်လျဉ်း၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်က ရေစက်ချ အနုမောဒနာတရားတော်ကို ချီးမြှင့်ရာ ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဓမ္မဒီပလိုမာ သင်တန်းနှင့် B.A (Buddhism) ဘွဲ့သင်တန်းတို့ကို သင်တန်းကာလ ရှစ်လဖြင့် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရဟန်း၊ သီလရှင်နှင့် လူပုဂ္ဂိုလ် စုစုပေါင်း ၂၈၈ ဦး တက်ရောက်သင်ကြားကြမည် ဖြစ်သည်။

စီစဉ်ဆောင်ရွက်

ဗုဒ္ဓဝါဒ အခြေခံသဘောတရား သင်တန်းကိုလည်း နံနက် ၈ နာရီမှ ၁၀ နာရီခွဲအထိ ဖွင့်လှစ်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျောင်းသား ကျောင်းသူများအား နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်ရေး ငယ်ရွယ်စဉ်ကစပြီး စဉ်ဆက်မပြတ် ပြုစုပျိုးထောင်

နေပြည်တော် ဇွန် ၁၇

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ဖောင်ကြီးဗဟိုဝန်ထမ်း တက္ကသိုလ် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၅)သို့ တက်ရောက်မည့် ဆရာ ဆရာမများအား အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားရာတွင် ဆရာ ဆရာမများအနေဖြင့် မိမိတို့တပည့် ကျောင်းသား ကျောင်းသူ လူငယ်များ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာအခြေခံကောင်းများကို ငယ်ရွယ်စဉ်ကစပြီး စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားမှသာ နိုင်ငံတော်၏ အဖိုးထိုက်ရတနာ သားကောင်း သမီးမွန်များအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များ၏ ထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေး၊ နိုးကြားတက်ကြွသည့်အားမာန်များကို ခေတ်မီနည်းပညာသစ်များ ကျွမ်းကျင်တတ်မြောက်မှုနှင့်ပေါင်းစပ်ပြီး အမျိုးသားအကျိုးစီးပွားအတွက် ရပ်တည်ကြိုးပမ်းသူများအဖြစ် ပြုစုပျိုးထောင်သွားကြရန်နှင့် အတတ်ပညာရှင်များအဖြစ် ရပ်တည်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်သွားရန် လိုကြောင်းဖြင့် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ဇွန် ၁၁ ရက်က ပုသိမ်မြို့ အမှတ်(၂) အထက (မြို့နယ်စံပြ) ကျောင်းအုပ်ဆရာကြီး ဦးလှသန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များက ခြင်အန္တရာယ် ကင်းဝေးစေရေးအတွက် ကျောင်းအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (၀၇၇)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှု ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ယာပုံ)

တက်ရောက်

ထိုသို့ တွေ့ဆုံရာသို့ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဟန်စိန်၊ ဦးချန်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား တရုတ်နိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဇွန် ၁၇

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် တိုးတက်ပြောင်းလဲလာသော နည်းပညာရပ်များနှင့်အတူ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်း တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၇

မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသများ၌ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့သည်။

အမြင်ချင်းဖလှယ်

ထို့အပြင် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက နည်းပညာများ၊ လေ့ကျင့်ရေးအားကစားသမားများ၊ နည်းပြများနှင့် IT ဆိုင်ရာ အကူအညီများ ပံ့ပိုးကူညီနိုင်မည့်အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် အရာတော်မြို့နယ် မင်းရွာစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၇

၁၅ ရက် တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ ၂၊ အမှတ် ၂၇ ကို ဇွန် ၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guide စာစောင်၌ Discovery ရုပ်သံလိုင်းတွင် အာရှရုပ်ရှင်သမိုင်းမှ True Asian Horror အစီအစဉ်၊ Animal Planet ရုပ်သံလိုင်းတွင် ကြည့်ရမည့် တိရစ္ဆာန်များ၏ သဘာဝ အလေ့အထများနှင့် ထူးဆန်းသည့် အကြောင်းအရာများ၊ MRTV ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသမည့် နတ်ရေငယ်တဲ့ ရွှေဖူးစာ၊ ကြံကြံဖန်ဖန် အမွေဆိုင်၊ သစ္စာနှလုံးသားစသည့် ကိုရီးယား ဇာတ်လမ်းတွဲသစ်များ အကြောင်း၊ ရုပ်သံလိုင်းအားလုံး၏ ဇွန် ၁၆ ရက်မှ ၃၀ ရက်အထိ အစီအစဉ်များ ပါဝင်သည်။

မှာယူနိုင်

TV Guide စာစောင်ကို TV Guide Distribution Network ၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆သို့ မှာယူနိုင်သည်ဟု သိရသည်။ **(သတင်းစဉ်)**

မိုးရေလှောင်ကန် တူးဖော်

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကုန်းကျေးရွာ မိုးရေလှောင်ကန် တူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးချစ်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သူနာပြုသင်တန်းသည် မွန်မြတ်သည့် အသက်ကယ်လုပ်ငန်းဖြစ် သဘောတရားနှင့် လက်တွေ့ပြည့်ဝအောင် လေ့ကျင့်သင်ကြားပေး

နေပြည်တော် ဇွန် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဇွန် ၁၃ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ကလေးကုသဆောင်၊ မွေးကင်းစကလေး စောင့်ရှောက်ခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ART & PMCT ဆေးပေးခန်း၊ လူနာဆောင်အဆောက်အအုံ တိုးချဲ့ဆောက်လုပ်မှုလုပ်ငန်းခွင်၊ ဖျားနာဆောင်၊ ဓာတ်မှန်ဌာန၊ သားဖွားမီးယပ်ဆောင်၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသမီးခွဲစိတ်ကုသဆောင်၊ အကြောအဆစ်နှင့် ရူပဗေဒဆေးကုဌာန၊ တိုင်းဒေသကြီး ခုခံကျကာလသား ရောဂါတိုက်ဖျက်ရေးဌာန၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးဒေသကြီး (၃) ဌာနချုပ်၊ အနာကြီးရောဂါ တိုက်ဖျက်ရေးဌာန၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ ပြင်ပလူနာဌာနနှင့် အရေးပေါ်လူနာဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြောကြား

ယင်းနောက် မုံရွာမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာမများ၊ ကျောင်းသူသင်တန်းသူများနှင့်တွေ့ဆုံ၍ သူနာပြုသင်တန်းသည် မွန်မြတ်သည့် အသက်ကယ်လုပ်ငန်းဖြစ်၍ အတတ်ပညာကျွမ်းကျင်မှု တတ်မြောက်မှုကို အဓိကဦးစားပေး လေ့လာသင်ယူကြရန်၊ သင်တန်းဆရာများကလည်း တပည့်များ၏ ခံယူချက်၊ သဘောတရားနှင့် လက်တွေ့ပြည့်ဝအောင် လေ့ကျင့်သင်ကြားပေးရန် ပြောကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မုံရွာမြို့ တိုင်းရင်းဆေးရုံ၌ တိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်နှင့် ဝန်ထမ်းများအားတွေ့ဆုံပြီး လူနာကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အရာတော်မြို့နယ် ပြည်သူ့ဆေးရုံ၊ အရာတော်မြို့နယ် မင်းရွာစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနနှင့် မြင်းမူမြို့နယ် ခွက်ခွင်းကျေးရွာ တိုက်နယ်ဆေးရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၇

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းထိုက်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာ လီကျွင်းဟွာသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သတ္တုတူးဖော်ထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမဝါယမဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၁၇

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာနအရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

ယင်းသင်တန်း၌ သမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီးနှင့်ပြည်နယ်သမဝါယမဦးစီးဌာနများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ စုစုပေါင်း ၈၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး ဘုတလင်မြို့နယ် ရွာသစ်ကျေးရွာ မေတ္တာရောင်ခြည်စာကြည့်တိုက်အတွက်စာအုပ်၊ စာစောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

ကတ္တရာလမ်းနှင့် ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇွန် ၁၇

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ဘုန်းစိုးရပ်ကွက် မြတ်လေးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားနှင့် မြို့သစ်ရပ်ကွက် အောင်မြေလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲတို့ကို တက်ရောက်အားပေးသည်။

ညှိနှိုင်း

ထို့နောက် ဘုတလင်မြို့နယ် ရွာသစ်ကျေးရွာ မေတ္တာရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျေးရွာပြည်သူများအား တွေ့ဆုံ၍ ကျေးရွာလူထု၏ လိုအပ်ချက်ဖြစ်သော အစိုးရမူလတန်း တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရေး၊ လက်ရှိကျေးရွာ မီးလင်းရေးကို ဒီဇယ်အစား Bio Gas ဖြင့် တွဲဖက်မီးလင်းရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဘုရားကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု၊ သခွတ္တနယ်ကျေးရွာ တိုက်နယ်ဆေးရုံ၊ သခွတ္တနယ်အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ ဝက်လူးအိုင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၊ ချောင်းဝကြီးကျေးရွာ အေးရိပ်ဝေ စာကြည့်တိုက်၊ ရွှေစာရေးကျေးရွာ ပန်းမြတ်တော်ဝင် စာကြည့်တိုက်၊ ဝန်ပိုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ရွာဦးတံတားဆောက်လုပ်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံ စာစောင်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ စာကြည့်တိုက်များအတွက် စာအုပ် များ၊ အားကစားပစ္စည်းများနှင့် **(သတင်းစဉ်)**

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇွန် ၁၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလား ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအလွန်ကောင်းနေသည်။

ဇွန် ၁၈ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်မည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇွန်လတတိယသီတင်းပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးရွာနိုင်သည်။

မိုးရွာသွန်းမှုများ

၁၇-၆-၂၀၁၁

နေပြည်တော်(လေဆိပ်)	၁ ဒသမ ၃၄ လက်မ	ဝမြို့	၄ ဒသမ ၀၂ လက်မ
နေပြည်တော်(ပျဉ်းမနား)	၁ ဒသမ ၁၁ လက်မ	ကျောက်ဖြူမြို့	၃ ဒသမ ၉၀ လက်မ
နေပြည်တော်(ရေဆင်း)	၀ ဒသမ ၉၁ လက်မ	ရေးမြို့	၃ ဒသမ ၅၈ လက်မ
သံတွဲမြို့	၇ ဒသမ ၄၈ လက်မ	ဘီးလင်းမြို့	၃ ဒသမ ၂၃ လက်မ
		ကျောက်တော်မြို့	၃ ဒသမ ၁၅ လက်မ
		သိမ်ဇရပ်မြို့	၃ ဒသမ ၀၇ လက်မ
		ရွှေကျင်မြို့	၂ ဒသမ ၉၂ လက်မ
		လောင်းလုံမြို့	၂ ဒသမ ၈၃ လက်မ

မြန်မာ့အလင်း ပြည်တွင်းအားကစား

ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ မြောင်းမြတွင် ကျင်းပ

မြောင်းမြ ဇွန် ၁၇

ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌဖလား အသက်(၂၁)နှစ်အောက် တိုက်နယ်အလိုက်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီက မြောင်းမြမြို့ မြို့မဘောလုံးကွင်း၌ ကျင်းပရာ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဘဏ္ဍာနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးဝင်းကိုကို အဖွင့် အမှာစကားပြောကြားပြီးနောက် ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက ဘောလုံးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် တိုက်နယ်ရှစ်ခုမှ ဘောလုံးအသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စင်ကာပူဖိတ်ခေါ် ရှုံး/ထွက် ပြိုင်ပွဲတွင် ဥဿာယူနိုက်တက် နောက်တစ်ဆင့်တက်

ရန်ကုန် ဇွန် ၁၇

စင်ကာပူဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် စင်ကာပူဖလားဖိတ်ခေါ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းက စင်ကာပူနိုင်ငံတွင် ကျင်းပရာ မြန်မာနိုင်ငံကိုယ်စားပြု ဥဿာယူနိုက်တက်အသင်း နောက်တစ်ဆင့်တက်လှမ်းသွားနိုင်ခဲ့သည်။

ဥဿာယူနိုက်တက်အသင်းသည် ထိုင်းကလပ် ပတ္တရားယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ဥဿာအတွက် အနိုင်ဂိုးများကို အောင်မိုးနှင့် လစ်ပီလစ်ပီတို့က ပထမပိုင်းတွင် သွင်းယူခဲ့ပြီး ပတ္တရားယူနိုက်တက်အတွက် ချေပဂိုးကို ပွဲပြီးခါနီး ရှစ်မိနစ်အလိုတွင် သွင်းယူခဲ့ကြောင်း သိရသည်။

ဥဿာယူနိုက်တက်အသင်းသည် ၂၀၁၀ MFF CUP ရှုံး/ထွက် ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် ယင်းပြိုင်ပွဲကိုယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

18-6 (05).pmd 1 6/18/2011, 1:35 AM

အာဆီယံသွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ ထားဝယ်မြို့၌ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၇

တနင်္သာရီတိုင်း ဒေသကြီး၏ ၂၀၁၁ ခုနှစ် အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၁၅ရက် နံနက် ၉နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး ရောဂါပိုးမွှားသယ်ဆောင်သော ပိုးမွှားတစ်ဆင့်ကူးစက်သော ရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာတင်ထွန်းဦးက ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ အကြောင်းကို အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ၂၀၁၁ ခုနှစ် အာဆီယံသွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၁၀ ရက်က မင်းဘူးခရိုင် တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းဟန်၊ ပွင့်ဖြူမြို့နယ်မှ မြို့နယ် တိုင်းရင်းဆေးမှူး ဒေါ်နီလာအေးနှင့်အဖွဲ့ ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာများတွင် ကျေးရွာပြည်သူများအား အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများအသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောစဉ်။ (ခရိုင် ပြန်/ဆက်)

မူးယစ်ဆေးဝါးအန္တရာယ် သဃ်န်းကျွန်း၌ ဟောပြော

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် အထက (၄) ၌ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု အန္တရာယ်များအကြောင်း အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးလှကြည်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းဖေက မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု အန္တရာယ် အကြောင်း အသိပညာပေးဟောပြောသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်ကျန်းမာရေးမှူး ဦးကျော်ကျော်စိုး၊ သင်္ဃန်းကျွန်းစံပြဆေးရုံကြီးမှ ဒေါက်တာစိုးမင်း၊ တွဲဖက်မြို့နယ်တရားသူကြီး ဦးကျော်သောင်းအောင်နှင့် မူးယစ်ဗဟိုမှ ရဲအုပ်နေမိုးတို့က မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(၀၂၅)**

ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ အမြို့မြို့ အနယ်နယ်တွင် ထောက်ပံ့ပေးအပ်

ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၁ ရက်က ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက ကျောင်းသားတစ်ဦးအား ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဝေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၁-၂၀၁၂ ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲကို အဖွဲ့ရုံးခန်းမ၌ မေ ၁၉ ရက်က ကျင်းပရာ တာဝန်ရှိသူတစ်ဦးက ကျောင်းသူတစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။ (၁၂၁)

ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၂ ရက်က ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက ကျောင်းသားတစ်ဦးအားပေးအပ်စဉ်။ (၁၀၂)

ဇန်းမော်မြို့နယ် ကျောင်းများသို့ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၂ ရက်က အထက(၃)မြဝတီခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ညွှန့် လှူဒါန်းသော ငွေကျပ် ၁၈သိန်း ခြောက်သောင်းတန်ဖိုးရှိ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူး ဦးထွန်းရီက လက်ခံယူစဉ်။ (မြို့နယ်ပညာရေး)

မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီး ၂၉ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇွန် ၉ ရက်က ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်က ကျောင်းသားတစ်ဦးအား ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ပညာသင်စရိတ်နှင့် စာအုပ်၊ စာရေးကိရိယာများ ကဝမြို့နယ်၌ ပေးအပ်

ကဝ ဇွန် ၁၇

ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့် စာအုပ်၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၃၀ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ် ဒုတိယဦးစီးမှူးများဖြစ်ကြသော ဦးဝင်းနိုင်နှင့် ဦးအောင်ကျော်ဦးတို့က မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၀၆၄)**

GIS အသုံးချနည်းသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၇

GIS နှင့် Google Earth လက်တွေ့အသုံးချနည်းသင်တန်းကို ဇူလိုင် ၂၊ ၃၊ ၉ရက်နှင့် ၁၀ ရက်(စနေ၊ တနင်္ဂနွေ)နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် e-Learning Center အဆောင်(၁) အခန်း(၄)၌ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ရာ Google Earth ဝက်ဘ်ဆိုက်မှ အခမဲ့ရယူအသုံးပြုနိုင်သော ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တုဓာတ်ပုံများကို စိုက်ပျိုးရေး၊ ဆည်မြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သဘာဝဘေး ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ လုံခြုံရေးဆိုင်ရာ စီမံချက်များအတွက် GIS (Geographic Information System) ပထဝီသတင်းအချက်အလက်မြေပုံစနစ်(သို့မဟုတ်) ကွန်ပျူတာသုံး သတင်းအချက်အလက်မြေပုံစနစ်နှင့် ချိတ်ဆက်အသုံးပြုပုံများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်း

အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) များမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ ဝါသနာရှင်အသင်းတို့မှ အသင်းဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများအတွက် သင်တန်းကြေးကို ၂၀ ရာခိုင်နှုန်း လျှော့၍ လက်ခံသွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် ဇွန် ၃၀ရက် နောက်ဆုံးထားစာရင်းပေးသွင်းရန်နှင့် စိတ်ပါဝင်စားသူများအနေဖြင့် အသေးစိတ် အချက်အလက်များကို Myanmar Credent Technology အဆောင်(၁) အခန်း(၇) မြန်မာအင်ဖိုတက်ခ် ဖုန်း-၆၅၂၂၈၅၊ ၆၅၂၂၈၆ မသီတာထွန်းအောင်ထံသို့ အသေးစိတ် ဆက်သွယ်စုံစမ်းမေးမြန်းကြရန် ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းမြို့နယ် တောင်ရင်းကျေးရွာ မြေသားရေကန်နှင့် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးလှမျိုးနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၁ ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်အောင်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation မှ CEO & Chairman Mr. Dong Hee Lee နှင့်အဖွဲ့သည် ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်တည်ဆောက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဝဲပုံ) **(သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ကြီးကြပ်ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရဲတပ်ဖွဲ့ ပြည်နယ်အဆင့် စံပြရဲ/ရဲကျင့်ဝတ် စာမေးပွဲကို ဇွန် ၄ ရက်က ကျိုင်းတုံမြို့ အထက(၂)၌ကျင်းပရာ တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ခိုင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (ခရိုင် ပြန်/ဆက်)

အုတ်တွင်းမြို့နယ်၌ စီမံကိန်းတာဝန်ပေးအပ်

အုတ်တွင်း ဇွန် ၁၇

တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးသိန်းအောင်က စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် မြို့နယ်စိုက်ကြပ်အဖွဲ့ ခေါင်းဆောင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဌေးဝင်းက လယ်ယာကဏ္ဍနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသို့ စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝါသီးနှံအထွက်နှုန်းမြင့်မားရေးသင်တန်း ပခုက္ကူ၌ဖွင့်

ပခုက္ကူ ဇွန် ၁၇

တောင်သူလယ်သမားများ ဝင်ငွေအမှန်တိုးတက်စေနိုင်မည့် ဝါသီးနှံအထွက်နှုန်း တိုးတက်မြင့်မားရေးသင်တန်းဖွင့်ပွဲကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း ခရိုင်မန်နေဂျာရုံးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် ဝါနှင့်ပိုးချည်လုပ်ငန်း(ရုံးချုပ်) တိုးချဲ့စိုက်ပျိုးရေးနှင့် စီမံကိန်းဌာနခွဲ အထွေထွေမန်နေဂျာ ဦးအောင်မော်က ငွေချည်(၆)ဝါ အထွက်နှုန်းမြင့်မားစွာရရှိရန် လိုအပ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကျင်းပ

နတ်မောက်မြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုး

နတ်မောက် ဇွန် ၁၇

နတ်မောက်မြို့နယ်တွင် မိုးရာသီပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၂ ရက် နံနက်က လေးအိမ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ကျင်းပရာ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းကို၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ကျွန်း၊ တမာ၊ ယူကလစ်၊ ဖျောက်ဆိပ်၊ ဟိုလိုရှား၊ မြန်မာကုက္ကို၊ အရိပ်ရလေကာပင် စုစုပေါင်း ၁၅၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။**(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မင်္ဂလာဒုံမြို့နယ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၁ ရက်က ရွှေနံ့သာကျေးရွာအုပ်စု ပေါင်းငူ၊ ဉာဏကျေးရွာတွင် ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေး၊ အင်းစိန်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးတင့်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာသူ ကျေးရွာသားများက ကျွန်းပင်စုစုပေါင်း ၂၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ကျွန်းစိုက်ခင်းဧက ၇၀၀ ပေါက်ခေါင်းမြို့နယ်၌ စိုက်ပျိုး

ပေါက်ခေါင်း ဇွန် ၁၇

ပေါက်ခေါင်းမြို့နယ် အလယ်နဝင်းကြိုးဝိုင်း အကွက်အမှတ် (၅၊ ၂၈) တွင် စီးပွားရေး (ကျွန်း)စိုက်ခင်း ဧက ၇၀၀ ၌ အပင် ၃၇၈၀၀၀ စိုက်ပျိုးလျက်ရှိရာ ဇွန် ၁၂ ရက်က သစ်တောဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးတို့ ကွင်းဆင်းစစ်ဆေးကြသည်။

ယခုအခါ ဧက ၂၁၀ ၌ အပင် ၁၁၃၄၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်း ၂၀၁၁ ခုနှစ် မိုးရာသီတွင် စီးပွားရေး (ကျွန်း)စိုက်ခင်း ဧက ၁၉၀၀ တွင် အပင် ၁၀၂၆၀၀၀၊ သဘာဝတောတန်ဖိုးမြင့် ကျွန်းစိုက်ခင်း ဧက ၁၄၈၀ ၌ အပင် ၁၀၃၆၀၀၊ ပုဂ္ဂလိက(ကျွန်း)စိုက်ခင်းဧက ၈၀၀၌ အပင် ၄၃၂၀၀၀၊ ပြည်သူများ ဖြန့်ပျိုးပင် ၁၈၈၀၀၀၊ ဆက်သွယ်ရေးလမ်းဘေးဝဲယာ ကျွန်းအပင် ၁၀၀၀၀၊ ကျေးလက်အိမ်ရာထူထောင်ရေးစီမံချက်အနေဖြင့် အပင် ၂၅၂၀၀၀ စုစုပေါင်း အပင် ၂၀၁၁၆၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပျိုးပွဲ ရွှေတောင်မြို့နယ်၌ကျင်းပ

ရွှေတောင် ဇွန် ၁၇

ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာန၏ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက်က ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာဘုရားဝင်း၌ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ဆွေ၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ ပြည်ခရိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုံ့မော်၊ သစ်တောဦးစီးဌာန ပြည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦး**(အောက်ပုံ)**နှင့် တက်ရောက်လာကြသော ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ရေတမာ၊ ယူကလစ်၊ အော်ရီရှား၊ စိန်ပန်းကြီး၊ တရုတ်တယ်၊ မဲဇလီနှင့် မန်ကျည်း အပင်ပေါင်း ၁၅၂၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေးလမ်း (၉၀) အမှတ် (၄၁) မြေညီထပ် မေတ္တာရောင်ပြန် ရုပ်ရှင်ထုတ်လုပ်ရေးမှ ရုပ်ရှင်ဒါရိုက်တာ (မြိတ်)တင်အောင်နှင့် မိသားစုက ဒေါ်ရီရီဌေး (ခ) ဒေါ်လီလီအား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ် အောင်ယဉ်လ် (ငြိမ်း) လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်းကို ဇွန် ၁၂ ရက်က အမှုဆောင်အရာရှိ ဦးအောင်ထွဋ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ပူးပေါင်းဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုး

နေပြည်တော် ဇွန် ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးသားပေါက် စိုက်ထည့်ပွဲကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံး အနီး မြေကွက်လပ်၌ ကျင်းပသည်။

စိုက်ပျိုးပေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ပိတောက်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများက သတ်မှတ်နေရာ အသီးသီး၌ သစ်ပင်ပျိုးပင်များကို စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးက လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများသည် လျှိုပိတ်ဆည်အမှတ်(၃၃)နှင့် (၃၄) အတွင်းသို့ ငါးမျိုးသားပေါက်များ စိုက်ထည့်ပေးကြသည်။

ပို့ဆောင်ရေး ဝန်ကြီးဌာနသည် ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပိတောက်၊ ခရေ၊ ကျွန်း၊ ကုက္ကို၊ ငုရွှေ၊ စိန်ပန်းကြီး၊ စွယ်တော်၊ ပန်းမဲဇလီနှင့် မဲဇလီ၊ ရင်းမာ၊ ယူကလစ်၊ ဖျောက်ဆိပ်၊ စိန်တံကူနှင့် မန်ကျည်းစသည့် ပန်းအလှပင်၊ အရိပ်ရလေကာပင်၊ သီးပင်စားပင်နှင့် နှစ်ရှည်ပင် စုစုပေါင်း ပျိုးပင် ၁၄၀၀ ကို စိုက်ပျိုးကြပြီး ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်းနှင့်တီလားပီးယား ငါးမျိုးသားပေါက်ကောင်ရေ၁၅၀၀၀ ကို စိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း ဒိုက်ဦးမြို့နယ် ဒရယ်မီးကျေးရွာ ဘိုင်းနားဆည် ရေသောက်စနစ်တွင် ပျိုးပေါင်စနစ်ဖြင့် သီပွံနည်းကျစိုက်ပျိုးထားသော စိုက်ခင်း (၁၀)ဧကကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်အား FAO ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ ဌာနေ ကိုယ်စားလှယ် Mr. Giuseppe Romalli သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာ၌ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းဆိုင်ရာများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တိုးချဲ့ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇွန် ၁၇

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဇွန် ၁၆ ရက်တွင်ဒိုက်ဦးမြို့နယ် ဒရယ်မီးကျေးရွာ ဘိုင်းနားဆည် ရေသောက်စနစ်၌ ပျိုးပေါင်စနစ်ဖြင့် သီပွံနည်းကျ စိုက်ပျိုးနည်းစနစ် ပညာပေးစိုက်ခင်း ၁၀ ဧက လုပ်ငန်းဆောင်ရွက်မှုများကိုကြည့်ရှုစစ်ဆေးပြီး တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ သီပွံနည်းကျ စိုက်ပျိုးနည်းစနစ်အား စနစ်တကျ စိုက်ပျိုး သွားကြရန်နှင့် စပါးများ ရည်မှန်းသည်ထက် ပိုမိုထွက်ရှိရန် တို့ကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် အေးသုခမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တိုးမြှင့်ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး အလှူရှင်များက အေးသုခ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၊ အေးသုခအမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း၊ မအူတန်း အခြေခံပညာမူလတန်းကျောင်း၊ စလူတော အခြေခံပညာ မူလတန်းကျောင်းတို့မှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများကို လှူဒါန်းသည်။

ထို့နောက် အေးသုခမြို့ရှိ ဒိုက်ဦး သဘာဝဇီဝမြေဩဇာစက်ရုံနှင့်ဒိုက်ဦး ကော်မှုန့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ရွှေပြည်သာမြို့နယ်၌ထောက်ပံ့

ရန်ကုန် ဇွန် ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် ရွှေပြည်သာမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခင်မိုးမိုးတို့ ဦးဆောင်သော အဖွဲ့သည် ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက ရွှေပြည်သာမြို့နယ် အမှတ်(၁၁)ရပ်ကွက်အတွင်းရှိ ဆင်းရဲနွမ်းပါးသောကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံ၊စာအုပ်နှင့် စာရေးကိရိယာ၊ ကျောပိုးအိတ်၊ စတီးထမင်းချိုင့်များကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

● *ကျောဖုံးမှ*

ဆေးတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့တွင် တက်ရောက်နေသော ကျောင်းသား ကျောင်းသူ ၃၈ ဦး၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းတို့တွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၁၇၇ ဦးတို့အား ပညာသင် ထောက်ပံ့ကြေးပေးအပ်ကာ ဗလာစာအုပ် ၁၇၇ ဒါဇင်ကို ကျောင်းသား ကျောင်းသူများအား ပေးအပ်ကြသည်။

ချီးမြှင့်

သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ယခု ပညာသင်နှစ်တွင် ငွေကျပ် ၉၁၅၅၀၀၀နှင့် ဗလာစာအုပ် ၁၇၇ ဒါဇင် ချီးမြှင့်ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်လက်၍ အဆိုပါအဖွဲ့သည် ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းတွင် ကိုယ်ဝန်ဆောင်များအား သံဓာတ်အားဆေး ဝေငှပေးခဲ့ပြီး မွေးဖွားသည့် မိခင်လေးဦးအား ဆေးဝါး၊ အစားအစာနှင့် အနှီးပိတ်များ ထောက်ပံ့ပေးကာ ရွှေပြည်သာမြို့နယ်အမှတ်(၇)ရပ်ကွက် စိုးရာဇာစာကြည့်တိုက်၌ ကလေးငယ်များအား အာဟာရကျွေးမွေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၆-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ဟောကြား တော်မူသောဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၅ ၇။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၈။ အတီးပြိုင်ပွဲ
၈:၂၀ ၉။ တေးဂီတအစီအစဉ်
၈:၃၀ ၁၀။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ Local Talent
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၂၀ ၅။ Yan Can Cook
၁၂:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၅၁)
၁၃:၄၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၃:၄၅ ၈။ မြန်မာနိုင်ငံ၏မုတ်သုံရာသီနှင့် ဆက်နွယ်နေသောမိုးလေဝသ ဖြစ်စဉ်များ
၁၄:၁၅ ၉။ မိတ်ကောင်းဖော်မွန်
၁၄:၅၀ ၁၀။ သူရေးသီရာတေးကဗျာ
၁၄:၅၅ ၁၁။ International News
၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၃၀ ၄။ **ငါးရစ်မျိုးငါး တို့မစား**
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၅ ၇။ မူဟန်သွယ်သွယ်ဆိုကြမယ်
၅:၂၀ ၈။ ဘူမိအပူသုံးစွမ်းအင်များ (အပိုင်း-၂)
၅:၃၀ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ အလှရှာမယ်လှကမ္ဘာဝယ်
၆:၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ်
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၁၉)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ်သိုင်းညီနောင်လေးများ** (အပိုင်း-၂၃)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၁၅)
၂၀။ ဂီတတံခါးလေးဖွင့်ပါဦး
၂၁။ အစီအစဉ်ပြီး၏။

နေပြည်တော်ကောင်စီ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၇

နေပြည်တော်ကောင်စီ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ကောင်စီရုံးရှေ့၌ ကျင်းပရာ ရှေးဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့်က ၂၀၁၁ ခုနှစ် နေပြည်တော်ကောင်စီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် အင်ကြင်းပင်ကို စိုက်ပျိုးပေးသည်။ **(ယာပုံ)**

ထို့နောက် နေပြည်တော် ကောင်စီဝင်များက သတ်မှတ်နေရာများ၌ ကံ့ကော်ပင်၊ ခရေပင်နှင့် ပိတောက်ပင်များကို စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာ ဝန်ထမ်းများက အရိပ်ရစားပင်များ၊ ရတနာတန်းဝင် ကျွန်းပင်များ၊ နှစ်ရှည်/ ရာသီပန်း အလှပင်များကို စိုက်ပျိုးကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ နေပြည်တော်ကောင်စီ သစ်ပင်စိုက်ပျိုးပွဲတွင် နေပြည်တော်ကောင်စီရုံးအတွင်း နှစ်ရှည်အရိပ်ရအပင်ကြီးများဖြစ်သော ရင်းမာ၊ ကုက္ကို၊ ဆီသပြေ၊ ငုစပ်၊ စိန်ပန်း၊ ပိတောက်၊ ကံ့ကော်၊ အင်ကြင်းနှင့် ခရေပင် ၁၂၀၀ ကို စိုက်ပျိုးကြသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီရုံးအတွင်း ရတနာတန်းဝင် ကျွန်းပင် ၃၀၀၀၊ နှစ်ရှည် စားပင် စိန်တစ်လုံးသရက်ပင် ၃၂၀၀ နှင့် ပိန္နဲပင် ၅၀၀ တို့ကို ယခုနှစ်သစ်ပင် စိုက်ရာသီအတွင်း စိုက်ပျိုးလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက် ရတနာတန်းဝင်ကျွန်းပင်များနှင့် ကျေးလက်အိမ်ရာသုံး ယူကလစ်ပင်များကို စီမံချက်ချ စိုက်ပျိုးလျက်ရှိရာ ၂၀၁၀- ၂၀၁၁ ခုနှစ်အထိ ကျွန်းနှင့်ယူကလစ်ပင် စုစုပေါင်း အပင်ရေ သုံးသန်းခွဲခန့်ကို စိုက်ပျိုးပေးနိုင်ခဲ့သည်။

ယခု ၂၀၁၁ ခုနှစ် သစ်ပင်စိုက်ပျိုးရာသီ အတွင်းတွင်လည်း နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၌ ရတနာတန်းဝင် ကျွန်းနှင့် ကျေးလက်အိမ်ရာသုံး ယူကလစ်ပင် စုစုပေါင်း အပင် ၇၀၀၀၀၀ ကို မြို့နယ်များအားလုံး စီမံချက်ချ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အေးသာယာစက်မှုဇုန် သံရည်ကျိုစက်ရုံအစည်းအဝေး ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အမှာစကားပြော

နေပြည်တော် ဇွန် ၁၇

အေးသာယာစက်မှုဇုန် သံရည်ကျိုစက်ရုံအစည်းအဝေးကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်စက်မှုနှင့် သတ္တုဝန်ကြီးဌာနဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြပြီး တောင်ကြီး အေးသာယာ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းရှယ်ယာရှင်များက ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၁၅ ရက် နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းက ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် အာဆီယံသွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ ကျန်းမာရေး ပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုသည်။ **(သတင်းစဉ်)**

KIA တပ်ဖွဲ့များက ခြိမ်းခြောက်ခြင်း၊ စတင်ပစ်ခတ်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် မိမိတပ်မတော်စစ်ကြောင်းများက မလွှဲမရှောင်သာ ပြန်လည်တိုက်ခိုက်ခဲ့ရ

မတူညီသည့်သဘောထားအမြင်များ ရှိကြမည်ဖြစ်သော်လည်း နိုင်ငံနှင့်ပြည်သူ၏ အကျိုးစီးပွားအတွက် တူညီသည့်ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းတကျ ရယူခြင်းများ ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေမည်ဖြစ်ကြောင်း တရားဝင်အသိပေးပြောကြားထားပြီးဖြစ်

မိမိတပ်မတော်သားများနှင့် မိမိနိုင်ငံ၏ အရေးကြီးသည့် လျှပ်စစ်စီမံကိန်းအား ကာကွယ်စောင့်ရှောက်လိုသည့် ရည်မှန်းချက်တစ်ခုတည်းဖြင့် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပြီး အခြားသော ရန်လို ဖိနှိပ်တိုက်ခိုက်လိုသည့် ရည်ရွယ်ချက်များမရှိ

နေပြည်တော် ဇွန် ၁၇

ကချင်ပြည်နယ် အခြေစိုက် KIA အဖွဲ့သည် ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်း ဆောင်ရွက်မှုများကို တားမြစ်ခြင်း၊ လုပ်ငန်းများ မအောင်မြင်အောင် နှောင့်ယှက်ခြင်း၊ ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည့် တရုတ်နိုင်ငံသား ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်းများ ပြုလုပ်လျက်ရှိရာ ဧပြီ ၁၆ ရက်က မလိခမြစ် အရှေ့ဘက်ကမ်းရှိ ကျောက်ဖောက်လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ရပ်ဆိုင်းထားရန်၊ ၎င်းတို့၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရန် တားမြစ်ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်။

ဟန့်တား

အလားတူ မေ ၅ ရက်ကလည်း မလိခမြစ် အရှေ့ဘက်ကမ်းရှိ လာဆာရေအားလျှပ်စစ်စီမံကိန်းသို့ ဝင်ရောက်ပြီး တရုတ်နိုင်ငံသား ဝန်ထမ်းများအား မြစ်အနောက်ဘက်ကမ်းသို့ နှစ်ရက်အတွင်း ပြောင်းရွှေ့ရန်၊ မလိခမြစ်အရှေ့ဘက်ကမ်းသို့ စခန်းတိုးချဲ့ထားမှုအမြန်ရုပ်သိမ်းရန် ခြိမ်းခြောက်ဟန့်တားမှုများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဇွန် ၈ ရက် နေ့လယ်ပိုင်းက ကချင်ပြည်နယ် တာပိန်ရေအားလျှပ်စစ်စီမံကိန်းတွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော် လုံခြုံရေးတပ်ဖွဲ့မှ စစ်သည်တစ်ဦးအား KIA အဖွဲ့ ဒွန်ဘုံစခန်းမှ ခေါ်ယူစစ်ဆေးပြီး ကျည်ဆန်များ ထည့်ထားသည့် ကျောပိုးအိတ်အား သိမ်းဆည်းထားခဲ့သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ တပ်မတော်အရာရှိနှစ်ဦးက KIA စခန်းသို့ သွားရောက်ဖြေရှင်းရာ ၎င်းအရာရှိနှစ်ဦးကို အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ KIA အဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။

ထို့ပြင် အခြေချစစ်ဗျူဟာမှူး ဦးစီးသည့် စစ်ကြောင်းသည် ဗန်းမော်မှ တာပိန်ရေအားလျှပ်စစ် စီမံကိန်းသို့ ချီတက်လာစဉ် KIA ဆက်ဆံရေးရုံး ဆန်ခါစခန်းမှ လည်းကောင်း၊ တာပိန်ရေအားလျှပ်စစ် စက်ရုံအဝင် တောင်ကုန်းထိပ် ထုံးဘိုမှလည်းကောင်း KIA အင်အားစုများက စောင့်ကြိုပြီး ပစ်ခတ်တိုက်ခိုက်မှုများ စတင်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် မိမိစစ်ကြောင်း အနေဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ပြီး KIA အဖွဲ့မှ ဖမ်းဆီးထိန်းသိမ်းထားသည့် အရာရှိနှစ်ဦးကို ဇွန် ၉ ရက်တွင် ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။

အကြောင်းကြားခဲ့

ဆက်လက်၍ တပ်မတော် စစ်ကြောင်းက တာပိန်ရေအားလျှပ်စစ်စီမံကိန်းအနီးရှိ KIA ယာယီစခန်းတစ်ခုအား ဇွန် ၁၁ ရက် နောက်ဆုံးထား၍ ဖယ်ရှားပေးရန် အကြောင်းကြားခဲ့သော်လည်း ဖယ်ရှားပေးခဲ့ခြင်းမရှိသည့်အတွက် ဇွန် ၁၂ ရက် ညပိုင်းတွင် ၎င်းယာယီစခန်းကို မလွှဲမရှောင်သာ တိုက်ခိုက်သိမ်းပိုက်ခဲ့ရသည်။

ထို့ပြင် ဇွန် ၈ ရက်က ဗန်းမော်ခရိုင် မန်စီမြို့နယ် ကိုက်ထိပ်ကျေးရွာအနီးရှိ ဆက်သွယ်ရေး မိုက်ခရိုဝေ့ဖ်စခန်း လုံခြုံရေးရဲကင်းကို KIA အဖွဲ့က ဝင်ရောက်ပြီး ရဲတပ်သားတစ်ဦးနှင့် အရပ်သားတစ်ဦးတို့အား အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့အား အမြန်ဆုံး ပြန်လွှတ်ပေးရေးအတွက် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ညှိနှိုင်း တောင်းခံခဲ့သော်လည်း ပြန်လည်စေလွှတ်ပေးခဲ့ခြင်းမရှိဘဲ ဇွန် ၁၂ ရက်တွင် တပ်မတော်စစ်ကြောင်းက သွားရောက်တောင်းခံမှသာ ပြန်လည်စေလွှတ်ပေးခဲ့သည်။

တာပိန်ရေအားလျှပ်စစ်စီမံကိန်းသည် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ Datang (yunnan) United Hydropower Developing (DUHD) ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုကြီးမားပြီး အရေးကြီးသော စီမံကိန်းတစ်ရပ်ဖြစ်သည်။ ယင်းစီမံကိန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တရုတ်ပညာရှင်များ၊ ဝန်ထမ်းများအား KIA အဖွဲ့က လာရောက်နှောင့်ယှက် ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် လုပ်ငန်းထိခိုက်မှုမရှိစေရန် သက်ဆိုင်ရာတာဝန်ရှိသူများက KIA အဖွဲ့အား သတိပေးတားမြစ်မှုများ ဆောင်ရွက်ခဲ့ရသည်။ သို့သော် KIA အဖွဲ့က လိုက်နာခြင်းမရှိဘဲ KIA ဒွန်ဘုံစခန်းမှနေ၍ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း၊ တာပိန်ရေအားလျှပ်စစ်စီမံကိန်းနှင့် ၎င်းသို့ ဆက်သွယ်သည့် လမ်းကြောင်းအား ခြိမ်းခြောက်ခြင်း၊ ရေအားလျှပ်စစ်စီမံကိန်းမှ ဗန်းမော်ခရိုင်သို့ သွယ်တန်းထားသော တာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

ထိခိုက်နစ်နာ

ဤသို့ KIA အဖွဲ့၏ နှောင့်ယှက်ခြိမ်းခြောက် အကျပ်ကိုင်မှုများကြောင့် စီမံကိန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် DUHD ကုမ္ပဏီမှ တရုတ်နိုင်ငံသား ၂၁၅ ဦးသည် တရုတ်နိုင်ငံသို့ ဇွန် ၉ ရက်တွင် ၅၀ ဦး၊ ဇွန် ၁၂ ရက်တွင် ၈၄ ဦး၊ ဇွန် ၁၃ ရက်တွင် ၅၃ ဦး၊ ဇွန် ၁၄ ရက်တွင် ၂၈ ဦး အသီးသီး ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။ ထိုသို့ ပညာရှင်နှင့် ဝန်ထမ်းများ ပြန်လည်ထွက်ခွာသွားခဲ့သည့်အတွက် ၆၀ မီဂါဝပ်(ခ်) စက်လေးလုံးဖြင့် လည်ပတ်လျက်ရှိသည့် ၎င်းစက်ရုံအား ဇွန် ၁၄ ရက်မှစ၍ လည်ပတ်မှုရပ်နားပိတ်သိမ်းခဲ့ရပြီး နိုင်ငံတော်နှင့် ဒေသခံပြည်သူများအတွက် ကြီးမားသော ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ဖော်ပြပါဖြစ်စဉ်တွင် KIA တပ်ဖွဲ့များအား တပ်မတော် စစ်ကြောင်းများမှ တိုက်ခိုက်ရခြင်းသည် မိမိတပ်မတော်အရာရှိများအား အကြောင်းမဲ့ ထိန်းသိမ်းဖမ်းဆီးထားခြင်းကို ပြန်လည်ခေါ်ဆောင်နိုင်ရန်နှင့် အရင်းအနှီးတန်ဖိုး၊ ထုတ်လုပ်မှုတန်ဖိုး ကြီးမားပြီး နိုင်ငံအတွက်ရော ဒေသအတွက်ပါ များစွာအကျိုးပြုနိုင်သည့် တာပိန်ရေအားလျှပ်စစ် စီမံကိန်းကို နှောင့်ယှက်ဖျက်ဆီးမည့် အန္တရာယ်မှ ကာကွယ်နိုင်ရန် ရည်ရွယ်ချက်ဖြင့်သာ မလွှဲမရှောင်သာ ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။ ယင်းသို့ တိုက်ခိုက်မှုများကို လက်တုံ့ပြန်သည့်အနေဖြင့် KIA အဖွဲ့က ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး၌ အဓိကကျသည့် သံပေါင်ဘောလီ တံတား ၉ စင်း၊ သံကူကွန်ကရစ်တံတား ၁၀ စင်း၊ ကွန်ကရစ် တံတား ၄ စင်း၊ သစ်သားတံတား ၂ စင်း စုစုပေါင်း တံတား ၂၅ စင်း အား ဇွန် ၁၄ မှ ၁၆ ရက် အတွင်း ဖောက်ခွဲဖျက်ဆီးခဲ့သည်။ KIA အဖွဲ့၏ ဖော်ပြပါ အဖျက်လုပ်ရပ်များသည် နိုင်ငံအကျိုး၊ ဒေသအကျိုးကို များစွာ ထိခိုက်နစ်နာစေပြီး ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းမှု ပျက်ပြားကာ လမ်းပန်းဆက်သွယ်မှုများလည်း ကြီးမားစွာ ထိခိုက်ဆုံးရှုံးစေခဲ့သည်။

လိုအပ်

အမျိုးသားပြန်လည်ပေါင်းစည်း ညီညွတ်ရေးနှင့်စပ်လျဉ်း၍ ယနေ့အထိ မူဝါဒလမ်းစဉ် (၇)ရပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံလိုကြသေးသည့် ပြည်တွင်းပြည်ပရှိ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများ ရှိနေကြဆဲဖြစ်သည်။ သို့သော် ထိုပုဂ္ဂိုလ်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံသားများသာဖြစ်ကြသည့်အတွက် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးဟူသည့် အမြင်၊ လက်ရှိအစိုးရအဖွဲ့ကိုလည်း ကိုယ့်တိုင်းရင်းသားများဖြင့် အဆင့်ဆင့် ပါဝင်ဖွဲ့စည်းထားသည့် ကိုယ့်အစိုးရဟူသည့် အမြင်မျိုးရှိရန် လိုအပ်သည်။

အခွင့်အရေးပေးထား

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၂)တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်သည့် အခွင့်အရေးပေးထားပြီးဖြစ်ရာ ယင်းကိုအကြောင်းပြ၍ နိုင်ငံတကာအလယ်တွင် ကိုယ့်တိုင်းပြည်ဂုဏ်သိက္ခာ ထိခိုက်အောင်၊ ကိုယ့်ပြည်သူများ ဆုံးရှုံးနစ်နာအောင် မပြုလုပ်ကြရန် လိုအပ်သည်။

လက်ကမ်းကြိုဆို

မတူညီသည့် သဘောထားအမြင်များ ရှိကြမည်ဖြစ်သော်လည်း နိုင်ငံနှင့် ပြည်သူ၏ အကျိုးစီးပွားအတွက် တူညီသည့်ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းတကျ ရယူခြင်းများ ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေမည်ဖြစ်ကြောင်း တရားဝင် အသိပေးပြောကြားထားပြီး ဖြစ်သည်။ ယနေ့အချိန်တွင် KIA အဖွဲ့များအနေဖြင့် နိုင်ငံတော်၏ သဘောထားကို သဘောပေါက်နားလည်လက်ခံရန် လိုအပ်သည်။

ရည်ရွယ်ချက်များမရှိ

ယနေ့ ကချင်ပြည်နယ်အတွင်း KIA အဖွဲ့နှင့် တပ်မတော်တို့အကြား တိုက်ပွဲများ ဖြစ်ပွားနေရခြင်းမှာ မိမိတပ်မတော်သားများနှင့် မိမိနိုင်ငံ၏ အရေးကြီးသည့် လျှပ်စစ်စီမံကိန်းအား ကာကွယ်စောင့်ရှောက်လိုသည့် ရည်မှန်းချက် တစ်ခုတည်းဖြင့် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပြီး အခြားသော ရန်လို ဖိနှိပ်တိုက်ခိုက်လိုသည့် ရည်ရွယ်ချက်များ မရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အပြစ်မဲ့ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိစေခဲ့သည့် နေပြည်တော် မြို့မဈေး အများပြည်သူသုံး သန့်စင်ခန်းအတွင်း ဗုံးပေါက်ကွဲမှုဖြစ်စဉ်၏ တရားခံ ဗုံးဖောက်ခွဲသူအား ဖမ်းဆီးရမိ

KNU အကြမ်းဖက်သောင်းကျန်းသူများက ငွေကြေးမက်လုံးပေး၍ နေပြည်တော်တွင် ဗုံးဖောက်ခွဲရန် စေခိုင်းခဲ့ခြင်းဖြစ်

ဖောက်ခွဲသူကို တစ်ပါတည်း လက်စဖျောက် နှုတ်ပိတ်နိုင်ရေးအတွက် ဖောက်ခွဲမှုနှင့်အတူ တစ်ပြိုင်တည်း ထိခိုက်သေကျေစေရန် ရက်ရက်စက်စက် စီမံဆောင်ရွက်ထားရှိ

လတ်တလောငွေကြေးလိုအပ်မှုကြောင့် KNU တို့၏ ဖြားယောင်းစည်းရုံးသွေးဆောင်မှုကို နားယောင်မိပါက မည်သို့မျှဇာတ်သိမ်းမကောင်းနိုင်ကြောင်းကို သင်ခန်းစာယူဖွယ် သုံးသပ်တွေ့ရှိရ

နေပြည်တော် ဇွန် ၁၇

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့မဈေးရှိ အများပြည်သူသုံးသန့်စင်ခန်းအတွင်း ဇွန် ၁၀ ရက် ည ၉ နာရီခွဲခန့်က ဗုံးပေါက်ကွဲပြီး အပြစ်မဲ့ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်သတင်းအား ဇွန် ၁၂ ရက်ထုတ် သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။



ဇွန် ၁၀ ရက်က နေပြည်တော် မြို့မဈေးရှိ အများပြည်သူသုံး သန့်စင်ခန်းအတွင်း ဗုံးဖောက်ခွဲသူ တရားခံ အောင်ကိုလတ်(ခ) အောင်ကြီး။

မေ ၁၈ ရက်က တပ်ကုန်းမြို့နယ် ရွှေမြို့ဘူတာနှင့် ဆင်သေဘူတာအကြား ရန်ကုန်-မန္တလေး အမှတ်(၃)အဆန် အမြန်ရထားပေါ်တွင် ဗုံးဖောက်ခွဲသူ တရားခံ ကျော်ဒီ(ခ)မာရီနို။

ဖမ်းဆီးရမိခဲ့

အဆိုပါဗုံးပေါက်ကွဲမှုဖြစ်စဉ်၏ ဗုံးဖောက်ခွဲသူတရားခံအား ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက အသေးစိတ်စုံစမ်းစစ်ဆေးဖော်ထုတ်ဆောင်ရွက်ခဲ့ရာ တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီ သတင်းပေးမှုကြောင့်ပေါက်ကွဲမှု ဖြစ်ပွားပြီး ၄၈ နာရီအတွင်း ဗုံးဖောက်ခွဲသူ တရားခံဖြစ်သည့် ရေနီမြို့နေ အောင်ကိုလတ်(ခ) အောင်ကြီး (၃၅)နှစ် (အဖဦးရဲအောင်)အား ဖမ်းဆီးရမိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကိုယ်တိုင်ဖောက်ခွဲ

တရားခံ အောင်ကိုလတ်(ခ) အောင်ကြီးသည် ကရင်ပြည်နယ် သံတောင်မြို့နယ်အတွင်းရှိ ရွာပုန်းတစ်ခုတွင်နေထိုင်သူ KNUအကြမ်းဖက်သောင်းကျန်းသူ တပ်မဟာ(၂)မှ ဖောက်ခွဲရေးတာဝန်ခံ တစ်ဦးနှင့် ပြီးခဲ့သည့်လပိုင်းအတွင်း သုံးကြိမ်ခန့် တွေ့ဆုံဆွေးနွေးကာ အခကြေးငွေရယူ၍ နေပြည်တော်တွင် ဗုံးဖောက်ခွဲရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖောက်ခွဲမှုလုပ်ငန်း အောင်မြင်ပါက KNU အကြမ်းဖက်သောင်းကျန်းသူများက ငွေကျပ်သိန်း၃၀ပေးမည်ဟု မက်လုံးပေးခဲ့သည့်အတွက် ငွေကြေးအမြောက်အမြားရလိုမှုတစ်ခုတည်းဖြင့် ဤသို့ သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း၊အောင်ကိုလတ်(ခ)အောင်ကြီးသည် ဇွန် ၁၀ ရက် နံနက် ၄ နာရီခန့်တွင် ဆိုင်ကယ်ဖြင့် အဆိုပါရွာပုန်းသို့ တစ်ဦးတည်းသွားရောက်ခဲ့ပြီး KNU အကြမ်းဖက်သောင်းကျန်းသူ ကရင်လေးဆိုသူထံမှ အလျားလေးလက်မ၊ အနံ သုံး လက်မ၊ ထုနှစ်လက်မခန့်ရှိ အဝါရောင်တိပ်ဖြင့် ပတ်ထားသည့် ဗုံးတစ်လုံးကို စရန်ငွေကျပ်တစ်သိန်းနှင့်အတူ လက်ခံရယူခဲ့ကြောင်း၊ ည ၉ နာရီကျော်ခန့်တွင် နေပြည်တော် မြို့မဈေးပွဲရုံတန်းရှေ့၌ ဆိုင်ကယ်ကို ရပ်ထားပြီး လူရိပ်လူခြည်ကြည့်ကာ အများပြည်သူသုံး သန့်စင်ခန်းအတွင်းသို့ ဝင်ခဲ့ကြောင်း၊ ၎င်းနောက် ယူဆောင်လာခဲ့သည့် ဗုံးကို ရေဆွဲချသည့် သန့်စင်ခန်း ဇလား အပျက်ထဲသို့ထည့်ပြီး KNU အကြမ်းဖက် သောင်းကျန်းသူများ သင်ပေးလိုက်သည့်အတိုင်း စနက်တံကို စီးကရက်မီးဖြင့်ရှို့ကာ ဖောက်ခွဲခဲ့ကြောင်း၊ ဖောက်ခွဲပြီးသည်နှင့် ချက်ချင်းရှောင်တိမ်းပြီး ပျဉ်းမနားမြို့ရှောင်လမ်းမှတစ်ဆင့် ရေနီမြို့သို့ ဆိုင်ကယ်ဖြင့် ပြန်ခဲ့ကြောင်း၊ ဤဗုံးဖောက်ခွဲမှုကို KNU အကြမ်းဖက်သောင်းကျန်းသူများ၏ ငွေပေးစေခိုင်းချက်အရ ၎င်းကိုယ်တိုင် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ဝန်ခံထွက်ဆိုခဲ့ကြောင်း သိရှိရသည်။

KNU အကြမ်းဖက်သောင်းကျန်းသူများသည် နေပြည်တော်ဖွံ့ဖြိုးတိုးတက်မှုနှင့် အများပြည်သူ၏ တည်ငြိမ်အေးချမ်းမှုများကို နှောင့်ယှက်ဖျက်ဆီးရန်အတွက် လူသူစည်ကားရာနေရာများတွင် ဗုံးဖောက်ခွဲမှုများကို ဆိုးညစ်ယုတ်မာသည့် နည်းလမ်းများဖြင့် အကြံအစည်ရှိရှိ၊ အစီအမံရှိရှိ တစိုက်မတ်မတ် လုပ်ကြံဖန်တီးဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။

စစ်ဆေးတွေ့ရှိ

ပြီးခဲ့သည့် မေ ၁၈ ရက် ညနေပိုင်း တပ်ကုန်းမြို့နယ် ရွှေမြို့ဘူတာနှင့် ဆင်သေဘူတာအကြား ရန်ကုန်-မန္တလေး အမှတ်(၃)အဆန် အမြန်ရထားပေါ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အပြစ်မဲ့ပြည်သူ နှစ်ဦးသေဆုံး၊ ကိုးဦး ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍KNUအကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဗုံးဖောက်ခွဲရန် စေလွှတ်ခဲ့သည့် တရားခံကျော်ဒီ(ခ) မာရီနိုအား ဖမ်းဆီးရမိခဲ့ပြီးဖြစ်၍ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဗုံးဖောက်ခွဲမှုဖြစ်စဉ်တွင် ကျော်ဒီ(ခ) မာရီနိုမှာ KNU များ သင်ကြားပေးလိုက်သည့်အတိုင်း ခတ်ခဲထည့်မိုင်းအသက်သွင်း ပြီးလျှင်ပြီးချင်း ရထားပေါ်မှ အမြန်ဆုံးခုန်ချထွက်ပြေးနိုင်ခဲ့၍သာ ၎င်းကိုယ်တိုင် အသက်ဘေးမှ ချမ်းသာရာရခဲ့ခြင်းဖြစ်ပြီး အချိန်အနည်းငယ်သာ နှောင့်နှေးခဲ့ပါက ပေါက်ကွဲမှုတွင်တစ်ခါတည်း ပါဝင်သွားအောင် KNU များက စီမံထားပြီးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

အခကြေးငွေပေး

ယခင် ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၁ ရက်က ပျဉ်းမနားဘူတာ အခပေးအိမ်သာ၌ ဗုံးပေါက်ကွဲပြီး နော်ဂေးလာ (၄၀) နှစ် (အဖ ဦးစောရွှေလေး) သေဆုံးခဲ့သည့် ဖြစ်စဉ်၌လည်း KNU အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှပင် အခကြေးငွေပေး၍ ဗုံးခွဲရန် စီမံသင်ကြားစေလွှတ်ခဲ့ခြင်း ဖြစ်ပြီး ဗုံးခွဲသူကိုယ်တိုင်ပင် ဗုံးခွဲရန်ပြင်ဆင်နေစဉ်အတွင်း ပေါက်ကွဲပြီး သေဆုံးခဲ့ရကြောင်း တွေ့ရှိရသည်။

စိစစ်တွေ့ရှိ

ယခု မြို့မဈေး အများသုံးသန့်စင်ခန်းအတွင်း ဗုံးပေါက်ကွဲမှု၌လည်း တရားခံအောင်ကိုလတ်(ခ) အောင်ကြီးမှာ ဗုံးကိုအသက်သွင်းပြီးလျှင်ပြီးချင်း ချက်ချင်းရှောင်တိမ်းနိုင်၍သာ အသက်ဘေးမှချမ်းသာရာ ရခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

သင်ခန်းစာယူဖွယ်

KNU အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နေပြည်တော်နှင့် လူစည်ကားရာ အတွင်းပိုင်းနေရာများသို့ ဖောက်ခွဲဖျက်ဆီးနိုင်ရေးအတွက်ငွေကြေးပမာဏမက်လုံးပေး၍ ဖြားယောင်းစည်းရုံး သိမ်းသွင်းပြီး ဖောက်ခွဲ ဖျက်ဆီးရေးသမားများကို စေလွှတ်စေခိုင်းလျက်ရှိကြောင်း၊သို့သော် ဖောက်ခွဲမည့် ချိန်ကိုက်ဗုံးများတွင် အထူးသဖြင့်ဖောက်ခွဲသူကို အန္တရာယ်ဖြစ်စေနိုင်သောဗုံးဖောက်ခွဲမှုနည်းလမ်းများကိုရွေးချယ်ထည့်သွင်းအသုံးပြုပြီး ဖောက်ခွဲသူကို တစ်ပါတည်းလက်စဖျောက် နှုတ်ပိတ်နိုင်ရေးအတွက် ဖောက်ခွဲမှုနှင့်အတူ တစ်ပြိုင်တည်း ထိခိုက်သေကျေစေရန် ရက်ရက်စက်စက်စီမံဆောင်ရွက်ထားရှိကြောင်း၊ လတ်တလောငွေကြေးလိုအပ်မှုကြောင့် KNUတို့၏ ဖြားယောင်းစည်းရုံး သွေးဆောင်မှုကို နားယောင်မိပါက မည်သို့မျှ ဇာတ်သိမ်းမကောင်းနိုင်ကြောင်းကို သင်ခန်းစာယူဖွယ် သုံးသပ်တွေ့ရှိရသည်။

အရေးယူနိုင်

အပြစ်မဲ့ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိစေခဲ့သည့် မြို့မဈေး အများပြည်သူသုံးသန့်စင်ခန်း ဗုံးဖောက်ခွဲမှုဖြစ်စဉ်၏တရားခံ ဗုံးဖောက်ခွဲသူ အောင်ကိုလတ်(ခ) အောင်ကြီးအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နေပြီဖြစ်သည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၁၉-၆-၂၀၁၁

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် (မင်္ဂလသုတ်+ဂုဏ်တော်ကွန်ချာ)
၇:၃၀ ဓမ္မပူဇာတေးပဒေသာ
၇:၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန်+သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ဘဝအသွင် ကဗျာ့အမြင် (အပြီးလက်ဆောင်)
၈:၃၅ တေးပဒေသာ
၁၀:၀၀ မင်္ဂလာလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (အရိုးပါးရောဂါအကြောင်း သိကောင်းစရာ)
၁၀:၄၀ တေးစီးရီး (နာရီလက်တံ-လင်းနစ်)
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
၁၂:၀၀ စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်-မွန်မြတ်သောစေတနာ)
၁၂:၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (စိတ်ထက်သန်စွာ အလုပ်လုပ်ပါ)
၁၂:၁၅ နှောင်းခေတ် ရုပ်ရှင်တေးများ
၁၂:၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ ရွှေဘိုဘာမထီခင်အောင်၏ ဝတ္ထုတိုများ
၁၂:၅၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက်
၁၆:၁၀ ညနေခင်းတေးပဒေသာ
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၇:၃၅ တို့ပြန်ဖြေကြားအနုပညာရှင်များ (ကင်းကောင်)
၁၈:၀၀ ညနေခင်းသတင်း နိုင်ငံရေးဦးတည်ချက်
၁၈:၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈:၃၀ သုတစုံကြွယ်သိစေဖွယ် (သဘာဝစွမ်းအင်ဖြည့်တင်းရန် လိုအပ်သော ဤမြေကမ္ဘာ)
၁၈:၄၅ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း စီးပွားရေးဦးတည်ချက်
၁၉:၁၀ Talk On Line (ချစ်သုဝေ)
၁၉:၃၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း လူမှုရေးဦးတည်ချက်
၂၀:၂၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ခင်ဘုဏ်း)
၂၀:၄၀ လယ်ယာစီးပွား (စပါးအထွက်တိုးဖို့ ရေမြေသဘာဝ မျိုးမှန်ကန်စွာ စိုက်ပျိုးရမည့် နည်းစနစ်များ)
၂၀:၅၀ တေးပဒေသာ
၂၁:၀၀ ရင်တွင်းခံစား တေးသီချင်းများ (ခင်သက်ဆွေ)
၂၁:၁၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၃၀ ခေတ်မရွေးသောတေး

ကုန်တင်ယာဉ်များ လိုက်နာရန်

(၁) လုပ်ငန်းလိုင်စင်မရှိဘဲ တင်ဆောင်မောင်းနှင်ခြင်း မပြုရ၊
(၂) ယာဉ်တွင် သတ်မှတ်ထားသည့် ကုန်တန်ချိန်ထက် ပို၍ တင်ဆောင်ခြင်းမပြုရ၊
(၃) တင်ဆောင်နိုင်သော ကုန်တန်ချိန်ကို ယာဉ်၏လက်ယာဘက်ဘေးတွင် မြင်သာနိုင်သည့်နေရာတွင် ရေးသားထားရမည်၊
(၄) အန္တရာယ်မဖြစ်စေရန် ကုန်ပစ္စည်းတို့ကို ခိုင်မြဲစွာ တုပ်နှောင်ထားရမည်၊
(၅) နှစ်တန်နှင့်အထက်ယာဉ်များသည် ကုန်ပစ္စည်းတင်ဆောင်လျှင် လမ်းပေါ်မှ အမြင့် ၁၂ ပေထက် မပိုစေရ၊
(၆) နောက်ပိတ်ဖွင့် မမောင်းနှင်ရ၊
(၇) နိုင်ငံတော်အစိုးရမှ တားမြစ်ထားသော ကုန်ပစ္စည်း မတင်ဆောင်ရ၊
(၈) ကုန်ပစ္စည်းအတင်အချကို သတ်မှတ်ခွင့်ပြုထားသည့်နေရာများတွင် ပြုလုပ်ရမည်၊ လမ်းပိတ်ဆို့မှုမဖြစ်စေရ။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ချုံနွယ်များခုတ်ထွင်ရှင်းလင်း

ကျောက်ဆည်မြို့ အထက(၂) ကျောင်းလမ်းဘေးဝဲ/ယာရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို ဦးစီးအရာရှိ ဒေါ်ဝင်းမာသန်း၊ ဒုတိယဦးစီးမှူး(သန့်) ဦးခင်မောင်စိုးနှင့် သန့်ရှင်းရေးဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မောင်မောင်မြင့်ဆွေ - စုစည်းသည်

ရုရှားအရှေ့ပိုင်း၌ မီးတောင်ပေါက်ကွဲ မီးခိုးနှင့်ပြာမှုန့်များ ဝေဟင်၌ပျံ့လွင့်နေ

မော်စကို ဇွန် ၁၇

ရုရှားနိုင်ငံအရှေ့ပိုင်း ကမ်ချက်ကာကျွန်းဆွယ်ပေါ်ရှိ မီးတောင်တစ်လုံးမှာ ဇွန် ၁၇ ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီး မီးခိုးနှင့်ပြာမှုန်များ ဝေဟင်အမြင့် ၁၀ ကီလိုမီတာအထိ ပျံ့လွင့်လျက်ရှိကြောင်း ရုရှားအရာရှိများက ပြောကြားသည်။ **(ယာပုံ)**

မီးတောင်ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်တွင် နေထိုင်ကြသောဒေသခံများအား ရွှေ့ပြောင်းပေးထားရပြီး အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားသည်။ ဝေဟင်တွင် ပျံ့လွင့်နေသော မီးတောင်ပြာမှုန်များနှင့် မီးခိုးများကြောင့် လေယာဉ်အင်ဂျင်များ ထိခိုက်နိုင်ကြောင်း သတိပေးထားသည်။

၎င်းမီးတောင်သည် ပြီးခဲ့သည့်၂၀၀၉ခုနှစ် မေလကလည်း ပေါက်ကွဲခဲ့ပြီး မီးခိုးနှင့်ပြာမှုန်များ ထွက်ရှိခဲ့သေးသည်။ ယခု မီးတောင်ပေါက်ကွဲမှုကြောင့် ဝေဟင်တွင် ပြာမှုန်များ ပျံ့လွင့်လျက်ရှိရာ ဂျပန်၊ တောင်ကိုရီးယား၊ မြောက်အမေရိကနိုင်ငံများနှင့် ရုရှားနိုင်ငံအကြား လေကြောင်းပျံသန်းမှု ထိခိုက်နိုင်ကြောင်း ၎င်းတို့ကပြောကြားသည်။ **(အင်တာနက်)**

တရုတ်မြောက်ပိုင်း၌ ကျောက်မီးသွေးတွင်းပြိုကျ ခြောက်ဦး သေဆုံး၊ ရှစ်ဦး ဒဏ်ရာရရှိ

ပေကျင်း ဇွန် ၁၇

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကျောက်မီးသွေးမိုင်းတွင်း တစ်တွင်းပြိုကျမှုဖြစ်ပွားရာ မိုင်းလုပ်သား ခြောက်ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ဇွန် ၁၇ ရက်၌ ပြောကြားသည်။

ကယ်ထုတ်နိုင်

ဖြစ်ပွားသည့်နေရာမှာ ဝူစီဂီဒူးကျောက်မီးသွေးတွင်း၌ဖြစ်ပြီး ဇွန် ၁၆ ရက်က ရုတ်တရက်ပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အတွင်း၌ ပိတ်မိနေသော မိုင်းလုပ်သား ၁၄ ဦးအား အချိန်မီ ကယ်ထုတ်နိုင်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ ကျောက်မီးသွေးတွင်းမှာ နေ့ာသင်းယူနိုက်တက် ပါဝါကော်ပိုရေးရှင်းပိုင်ဖြစ်ပြီး မြေအောက်၌ ပြိုကျမှုဖြစ်ပွားခဲ့ခြင်းကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

အစ္စရေး၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား လေးဦးသေဆုံး၊ ၅၅ဦးဒဏ်ရာရရှိ

ဂျေရုဆလင် ဇွန် ၁၇

အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့မြောက်ပိုင်း နေတန်ယာအရပ်တွင် ဇွန် ၁၆ ရက်ညပိုင်းက ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၅၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးအရာရှိများက ဇွန် ၁၇ရက်၌ ပြောကြားသည်။

ပျက်စီး

အခင်းဖြစ်ပွားမှုမှာ နေတန်ယာအရပ်ရှိ လေးထပ်မြင့်သော အဆောက်အအုံ အပေါ်ဆုံးထပ်၌ ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်တစ်ဆိုင်တွင် ဓာတ်ငွေ့အိုး ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုသို့ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် ၎င်းလေးထပ်အဆောက်အအုံ ပျက်စီးသွားခဲ့သည်။

ဆေးရုံတင်ပို့

အဆောက်အအုံအတွင်း ပိတ်မိနေသောသူများအား ကယ်ဆယ်ရေးအဖွဲ့များက ကရိန်းများအသုံးပြုကာ ကယ်ထုတ်နိုင်ခဲ့ပြီး ဒဏ်ရာရရှိသူများအား ဆေးရုံသို့ တင်ပို့ပေးထားသည်။ ယခု ဓာတ်ငွေ့ပေါက်ကွဲမှုမှာ အကြမ်းဖက်သမားများ၏ လက်ချက် သို့မဟုတ် မတော်တဆဖြစ်ရပ်ဆိုသည်ကို အစ္စရေးလုံခြုံရေးအဖွဲ့များက စစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

တဲလ်အဗစ်မြို့မြောက်ပိုင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် အဆောက်အအုံကို တွေ့ရစဉ်။

ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အဆိုတော်များ

မြင့်မောင်စိုး —— စုစည်းသည်

နယူးယောက် ဇွန် ၁၇

ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်အတွင်း အသက် ၃၀ အောက်ရှိ ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အဆိုတော်များစာရင်းကို ဖောဘက် (Forbes) မဂ္ဂဇင်းက ထုတ်ပြန်ခဲ့ရာ ဒီဇိုင်းဆန်းဆန်းပြားပြားဝတ်ဆင်တတ်သော ပေါ့ပ်အဆိုတော် လေဒီဂါဂါ (Lady Gaga) က ထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်။ (ဝဲပုံ)

အသက် ၂၅ နှစ်အရွယ်သာရှိသေးသည့် အမေရိကန် ပေါ့ပ်အဆိုတော် လေဒီဂါဂါသည် ၂၀၁၀ ခုနှစ်အတွင်း နိုင်ငံပေါင်း ၂၂ နိုင်ငံသို့ လှည့်လည်ဖျော်ဖြေခဲ့ရာ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၉၀ အထိ ရရှိခဲ့သည်။ လောလောဆယ်သူမ၏ Born This Way တေးအယ်လ်ဘမ်မှာလည်း ကမ္ဘာတစ်ဝန်း ရောင်းအားကောင်းလျက်ရှိသည်။

ဒုတိယ

ဒုတိယဝင်ငွေ အကောင်းဆုံးအဆိုတော်မှာ ကနေဒါလူငယ် အဆိုတော်လေး ဂျပ်စတင်းဘီဘာ (Justin Bieber) ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်က ကမ္ဘာတစ်ဝန်း လှည့်လည်ဖျော်ဖြေခဲ့ရာ အမေရိကန် ဒေါ်လာ ၅၃ သန်း ဝင်ငွေရရှိခဲ့သည်။ ၎င်း၏ အသက်သည် ၁၇ နှစ်မျှသာရှိသေးသည်။ သို့သော် ကမ္ဘာတွင် အံ့မခန်းအောင်မြင်နေသော ပေါ့ပ်အဆိုတော်လေးတစ်ဦးဖြစ်သည်။

တတိယ

တတိယ ဝင်ငွေအကောင်းဆုံး အဆိုတော်မှာ အမေရိကန် ကျေးလက်အဆိုတော်တေလာဆွစ်(Taylar Swift) ဖြစ်သည်။ အသက် ၂၁နှစ်အရွယ်သာရှိသေးသည့် အဆိုတော်တေလာဆွစ်သည် ပြီးခဲ့သည့်နှစ်အတွင်း ကမ္ဘာတစ်ဝန်း လှည့်လည်ဖျော်ဖြေခဲ့ရာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၅ သန်းရရှိခဲ့သည်။ အထူးသဖြင့် သူမ၏ Speak Now အမည်ရှိ တေးအယ်လ်ဘမ်မှာ ပရိသတ်များ အကြိုက်တွေ့ခဲ့သည်။

စတုတ္ထ

စတုတ္ထမြောက် ဝင်ငွေအကောင်းဆုံး အဆိုတော်မှာ ကေတီပါရီ (Katy Perry) ဖြစ်သည်။ အသက် ၂၆ နှစ်အရွယ်ရှိ အမေရိကန်အဆိုတော် ကေတီပါရီသည် ၂၀၁၀ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၄၄ သန်း ဝင်ငွေရရှိခဲ့သည်။ သူမသည် တေးရေး၊ တေးဆိုနှင့် သရုပ်ဆောင်လည်းဖြစ်သည်။

ပဉ္စမမြောက် ဝင်ငွေအကောင်းဆုံး အဆိုတော်မှာ အသက် ၂၉ နှစ်အရွယ်ရှိ အမေရိကန် အာအင်န်ဘီ (R & B) အဆိုတော် ဘီယွန်ဆေးနိုးလက် ဖြစ်သည်။ ဘီယွန်ဆေးသည် ဂီတပညာရှင်တစ်ဦးဖြစ်သည့်အပြင် သရုပ်ဆောင်နှင့် ဖက်ရှင်ဒီဇိုင်နာလည်း ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

မောင်ချစ်ကြည် - စုစည်းသည်

အင်တာတိုက်စစ်မှူး အီတူးအား မန်ယူ၊ အာဆင်နယ်တို့ကမ်းလှမ်းနေ

လန်ဒန် ဇွန် ၁၇

ကင်မရွန်းနှင့် အင်တာမီလန်အသင်း တိုက်စစ်မှူး အီတူးအား ပရီမီယာလိဂ်ထိပ်တန်းအသင်းများဖြစ်သော မန်ယူ၊ အာဆင်နယ်နှင့် လီဗာပူးအသင်းများက ခေါ်ယူရန် ကမ်းလှမ်းလျက်ရှိကြောင်း အင်တာမီလန်ကလပ်က ဇွန် ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။ *(ဝဲပုံ)*

အသက် ၃၀ အရွယ်ရှိ အီတူးသည် အင်တာမီလန်အသင်းအတွက် ၆၇ပွဲ ကစားပေးထားပြီး ၃၃ဂိုးသွင်းယူပေးထားသူဖြစ်သည်။ အီတူးသည် အင်တာမီလန်နှင့် ၂၀၁၄ခုနှစ်အထိ စာချုပ်ထားသည့် ကစားသမားဖြစ်သည်။ *(အင်တာနက်)*

ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား ဂါဂို လီဗာပူးက ခေါ်ယူရန်ဆွေးနွေး

လန်ဒန် ဇွန် ၁၇

ရီးရဲမက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဖာနန်ဒိုဂါဂို (ယာပုံ)အား လီဗာပူးအသင်းက ပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်းဖြင့် ခေါ်ယူရန် ဆွေးနွေးနေကြောင်း လီဗာပူးကလပ်က ဇွန် ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၂၅ နှစ် အရွယ်ရှိ ဂါဂိုသည် လာမည့်ဘောလုံးရာသီ၌လည်း နည်းပြမော်ရင်ဟိုက ရီးရဲမက်ဒရစ်အသင်း၌ အရန်ကစားသမားအဖြစ်သာထားရှိရန် ရည်ရွယ်ထားသဖြင့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန် စိတ်အားထက်သန်နေခဲ့ခြင်းဖြစ်သည်။ လီဗာပူးကလပ်က ဂါဂိုအား ခေါ်ယူရန် ရီးရဲမက်ဒရစ်နှင့် နောက်ဆုံးအဆင့် ဆွေးနွေးမှုအထိ ရောက်ရှိနေပြီဖြစ်သည်။ ***(အင်တာနက်)***

ဒရော့ဘာစာချုပ်သစ်ချုပ်ဆို

လန်ဒန် ဇွန် ၁၇

အသက် ၃၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒီဒီယာဒရော့ဘာသည် နောက်ထပ်နှစ်နှစ်စာချုပ်သစ်ချုပ်ဆိုရန် ချယ်လ်ဆီးကလပ်၏ ကမ်းလှမ်းမှုကို ငြင်းဆိုလိုက်ပြီး တစ်နှစ်စာချုပ်သာ ချုပ်ဆိုမည်ဖြစ်ကြောင်း၊ ယင်းမှာ တိုက်စစ်မှူး တောရက်စ် ရောက်ရှိလာပြီးနောက် ပုံမှန်ပွဲထွက်ကစားခွင့်နည်းခဲ့၍ ဖြစ်ကြောင်း ဒရော့ဘာ၏ အေးဂျင့်ဖြစ်သူက ပြောကြားသည်။ *(အင်တာနက်)*

စီမံကိန်းရည်မှန်းချက်တာဝန် သုံးခွမြို့နယ်၌ ပေးအပ်

သုံးခွ ဇွန် ၁၇

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက်များတာဝန်ပေးအပ်ပွဲကို မေ ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းအောင်က စီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်းက ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများအား စီမံကိန်းရည်မှန်းချက် တာဝန်များပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၁၂၄)

ဟောပြော

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြိုဟောပြောပွဲကို ဇွန် ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဦးစိန်မြင့် ဟောပြောစဉ်။ (ပညာရေး)

မြန်မာ့အလင်း စာတည်းထံပေးစာများ

လမ်းပေါ်မှ ဈေးဆိုင်များဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် နတ်မောက်ရိပ်သာလမ်းသွယ် ပလက်ဖောင်းနှင့် လမ်းပေါ်တွင် ဈေးဆိုင်များခင်းကျင်းရောင်းချနေမှုကြောင့် လမ်းပိတ်ဆို့ကာ ခရီးသွားများ ယာဉ်အန္တရာယ် စိုးရိမ်ရပါသဖြင့် ရှင်းလင်း ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်အန္တရာယ်ကင်းလိုသူများ

ရပ်ကွက်အတွင်းမှချဲထီဒိုင် အရေးယူပေးပါ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် အောင်ရတနာလမ်းတွင် နှစ်လုံး၊ သုံးလုံးချဲထီကို ဒိုင်ကိုင် ရောင်းချနေသောကြောင့် ရပ်ကွက်နေပြည်သူများ စီးပွားရေးထိခိုက်သည့်အပြင် စာရိတ္တချို့ယွင်းနိုင်ပါသဖြင့် သက်ဆိုင်ရာက လိုအပ်သလိုအရေးယူပေးပါရန် တင်ပြအပ်ပါသည်။

(၇)ရပ်ကွက်သား

ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) နှစ်ပတ်လည်ကျင်းပမည်

ရန်ကုန် ဇွန် ၁၇

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်နေ့ မသန်စွမ်းသူများ စုံညီတွေ့ဆုံပွဲအခမ်းအနားကို ဇွန် ၁၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားတွင် မသန်စွမ်းသူများအတွက် ရာသက်ပန်ပညာသင်ဆုများ ထောက်ပံ့ခြင်း၊ အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးခြင်းနှင့် မသန်စွမ်းအဖွဲ့အစည်းများအား ပံ့ပိုးပေးခြင်း အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး မသန်စွမ်းသူများနှင့် အဖွဲ့အစည်းများအနေဖြင့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ရုံးချုပ် အမှတ် ၇၉၇ အခန်း ၁၀၄-ဘီ ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်) မြန်မာ့အလှတာဝါ(၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၅၉၃၉၊ ၀၁-၂၂၉၀-၈၇၊ ၀၁-၂၂၂၉၂၃၊ ၀၉-၅၁၀၃၇၂၅ နှင့် ၀၉-၅၀၄၂၆၂၁ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်းနှင့် စေတနာရှင်ပြည်သူများအနေဖြင့်လည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(ရွှေမင်းသားဖောင်ဒေးရှင်း)**

ဇွန် ၁၆ရက်က ရန်ကုန်တိုင်းဒေသကြီး အမက(၅)မြောက်ဥက္ကလာပမှ ကျောင်းသား ကျောင်းသူများအတွက် အလှူရှင် မြောက်ဥက္ကလာပမြို့နယ် (ခ)ရပ်ကွက် မြရတနာ (၁၀)လမ်းနေ ဦးခင်ဇော်နှင့်ဇနီး ဒေါ်စန်းညွန့် မိသားစုက ငွေကျပ် ၂၄၅၀၀၀ တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာကြီး ဦးသန့်ဇင်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

သထုံမြို့နယ် ကြာပန်း-သဲအိမ်ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးမှုကို မေ ၃ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအေးဆွေ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝက်ချေးနံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် ရတနာလမ်းသွယ် အမှတ်(၂၆)၏ နောက်ဖေးမီးတားလမ်းအတွင်း၌ ဝက်များအား စီးပွားဖြစ်မွေးမြူလျက်ရှိရာ ၄င်းဝက်ချေးအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်ရသူ

မြောင်းပိတ်ပြီး တိုက်ဆောက်မှု ရှင်းလင်းပြီးဖြစ်

၈-၆-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ကျောက်ဖြူမြို့ ကမ်းနားလမ်းဈေးအနီး၌ ဆောက်လုပ်လျက်ရှိသော တိုက်အိမ်မှ ရေမြောင်းပိတ်ပြီး တည်ဆောက်လျက်ရှိရာ ရေများမဆင်းနိုင်တော့ဘဲ ရေများအိုင်နေသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်နိုင်** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဖယ်ရှားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

ငါးသယံဇာတထိန်းသိမ်းရေး ကျောက်ကုန်း၌ ဟောပြော

ကျောက်ကုန်း ဇွန် ၁၇

ငါးသယံဇာတ ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ကျောက်ကုန်းမြို့ မြို့မဈေးအတွင်း မေ ၂၁ ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းဦးက ငါးသယံဇာတပြုန်းတီးမှု မရှိစေရေးအတွက် ငါးရစ်ငါးသန်ငါးများ ဖမ်းဆီးမှုမပြုကြရေး၊ အဆိပ်၊ ကျင်စက်၊ မိုင်းခွဲ ငါးဖမ်းဆီးမှုမပြုကြရေးနှင့် ငါးလုပ်ငန်းဆိုင်ရာဥပဒေများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဈေးတာဝန်ခံများနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်ငါးဦးစီး)**

ဇီဝလုံခြုံမှု မြှင့်တင်ရေး ဓနုဖြူ၌ ဟောပြော

ဓနုဖြူ ဇွန် ၁၇

ဓနုဖြူမြို့နယ်တွင် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်ရုံး၌ ဇွန် ၈ ရက်နှင့် ၉ ရက်က ဝက်နားရွက်ပြာရောဂါကာကွယ်ရေးနှင့် ဇီဝလုံခြုံမှုမြှင့်တင်ရေးပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ခင်စောဝင်းက ဝက်နားရွက်ပြာရောဂါကာကွယ်ရေးတွင် ဇီဝလုံခြုံမှုမြှင့်တင်ခြင်းသည် အဓိကကျသော ရောဂါကာကွယ်တားဆီးရေးဖြစ်ကြောင်းကို တိရစ္ဆာန်ကျန်းမာရေးအကူလုပ်သားများ၊ ဝက်မွေးမြူရေးလုပ်ငန်းရှင်များ၊ ရောင်းချသူများ၊ တိရစ္ဆာန်သုံး ဆေးဝါးရောင်းချသူများနှင့် တိရစ္ဆာန်ဆေးကုဆရာဝန်များအား ပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာနေမျိုးအောင်က လယ်ယာလုပ်ငန်းခွင်သုံး ကျွဲ၊ နွားများ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောခဲ့ကြပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး၊ ဒုတိယဦးစီးမှူးနှင့်အဖွဲ့သည် မြို့နယ်အတွင်းရှိ ဝက်မွေးမြူရေးခြံများ၊ ဝက်သယ်ယူသည့် ယာဉ်များကို ပိုးသတ်ဆေးဖျန်းခြင်းနှင့် တိရစ္ဆာန်များကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန၏ စီမံခန့်ခွဲမှု၊ UNESCAP ၏ပံ့ပိုးမှု၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များ အသင်း (MIFFA)တို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် နိုင်ငံတကာသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံသင်တန်း(၂/၂၀၁၁)ကို ဇွန် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖွင့်လှစ်မည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ပြီး ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉) ရှိ UMFCCI Office Tower အခန်း ၃ လေးလွှာ ဖုန်း-၂၁၄၈၄၇ သို့ စာရင်းပေးနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မေ ၂၁ ရက်က ဖျာပုံမြို့ မြို့မဈေးအတွင်းရှိ ငါး၊ ပုစွန်ရောင်းဝယ်ရေးဒိုင်များတွင် ငါး၊ ပုစွန်များ အရည်အသွေးပြည့်မီခြင်း ရှိမရှိကို ဖျာပုံမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ဝါဝါသိန်းနှင့် ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံးဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးကြစဉ်။ (ဝ၆၇)

ဈေးအတွင်း ခြင်ဆေးဖျန်း

လပွတ္တာ ဇွန် ၁၇

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ အဖွဲ့ပိုင် အောင်ဇေယျဈေးကြီးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇွန် ၇ ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေး သတ္တုတွင်းဝန်ကြီးဌာနၓ ထောက်ပံ့ပေးအပ်

နေပြည်တော် ဇွန် ၁၇

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ဦးစီးဌာန ဝန်ထမ်းမိသားစုဝင်များ၏ ကျောင်းသား ကျောင်းသူများ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့က ၂၀၁၀-၂၀၁၁ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ၉၀ တို့အား ပညာရည်ချွန်ဆု ချီးမြှင့်ကြပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ***စာမျက်နှာ ၈ ကော်လံ ၆*** ●

မြန်မာ့အလင်း **ယနေ့ ဖတ်စရာ၊ မှတ်စရာ**

ရုရှားအရှေ့ပိုင်း၌ မီးတောင်ပေါက်ကွဲ၊ မီးခိုးနှင့် ပြာမှုန်များ ဝေဟင်၌ ပျံ့လွင့်နေ။ (စာ-၁၁)

ရီးရဲမက်ဒရစ် ကွင်းလယ် ကစားသမားဂါဂို လီဗာပူးက ခေါ်ယူရန်ဆွေးနွေး။ (စာ-၁၁)



ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အဆိုတော်များ။ (စာ-၁၁)

ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် ဇွန် ၁၇

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟု သတ်မှတ်သည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)